**သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်၏ NCA လက်မှတ်ရေးထိုးခြင်း (၄) နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် JICM အစည်းအဝေးတက်ရောက်နိုင်ခြင်းမရှိသည့် ခရီးစဉ်၏ အခက်အခဲများ အပေါ် သတင်းထုတ်ပြန်ကြေညာခြင်း။**

**၂၀၁၉ ခုနှစ် အောက်တိုဘာလ (၂၇) ရက်နေ့**

၁။ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၀ ရက်မှ ၁၂ ရက်နေ့အထိ ကျင်းပခဲ့သော PPST အစည်းအဝေးအရ PPST အဖွဲ့ဝင်များသည် NCA လက်မှတ်ရေးထိုးခြင်း (၄) နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် JICM အစည်းအဝေးကျင်းပရန်နှင့် နိုင်ငံရေးဆွေးနွေးပွဲတစ်ဆို့နေမှုများအား ပိုင်းဝန်းကြိုးပမ်းကျော်လွှားကာ လက်တွေ့အကောင်အထည်ဖော်ဆောင်နိုင်ရန်နှင့် ပြည်သူလူထုတရပ်လုံးလိုလားနေသည့် ဖက်ဒရယ်ဒီမိုကရစီ ပြည်ထောင်စုအုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်လာရေးအားရှေးရှုကာ NCA လက်မှတ်ရေးထိုးခြင်း (၄) နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားအား ကျင်းပပြီးနောက် JICM အစည်းအဝေးကျင်းပရန် သဘောတူညီချက် ချမှတ်နိုင်ခဲ့ကြသည်။

၂။ ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၈ ရက်နေ့တွင် Peace Commission-PC မှ ဦးခင်ဇော်ဦး၊ ဦးဇော်ဌေး တို့နှင့် ထိုင်းနိုင်ငံ၊ ချိန်းမိုင်မြို့၌ အလွတ်သဘောတွေ့ဆုံစဉ်တွင်လည်း သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်နှင့် ကိုယ်စားလှယ်တစ်ချို့၏ခရီးစဉ်မှာ လင်းခေးခရိုင်၊ ဟိုမိန်းမြို့နယ်မှ တဆင့် တောင်ကြီး ထိုမှတဆင့် နေပြည်တော်သို့သွားမည်ဖြစ်ကြောင်း ကြိုတင်အကြောင်းကြားပြီးဖြစ်သည်။

၃။ ၂၀၁၉ ခုနှစ် အောက်တိုဘာလ (၂၃) ရက်နေ့တွင်လည်း သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီးစိုင်းငင်းမှ ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဗဟိုဌာန (NRPC) သို့ မိမိတို့ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်နှင့် ကိုယ်စားလှယ်တစ်ချို့မှာ လင်းခေးခရိုင်၊ ဟိုမိန်းမြို့နယ်မှ လင်းခေးမြို့-နမ့်စန်မြို့-တောင်ကြီးမြို့ စသည့်လမ်းကြောင်းမှ ကား (၄) စီး၊ ဥက္ကဋ္ဌ အပါအဝင်ကိုယ်စားလှယ် (၁၁) ဦးတို့သည် ၂၀၁၉ ခုနှစ် အောက်တိုဘာလ (၂၅) ရက်နေ့တွင် ခရီးစဉ်ထွက်လာမည်ဖြစ်ကြောင်း တရားဝင်အကြောင်းကြားပြီးဖြစ်ပါသည်။

၄။ ဥက္ကဋ္ဌ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ဝင်များသည်လည်း ယုံကြည်မှုအပြည့်အဝနှင့် ထိုင်းနိုင်ငံအာဏာပိုင်များ၏ခွင့်ပြုချက်နှင့် ဟိုမိန်းမြို့နယ်၊ နားမွန်းနယ်စပ်ဂိတ်မှ ၂၀၁၉ ခုနှစ် အောက်တိုဘာလ (၂၅)

ရက်နေ့တွင် ဖြတ်သန်းပြီး ခရီးစဉ်ဆက်ရန် ၂၄ ရက်နေ့ ညနေ ၁၇:၀၀ နာရီခန့် (ထိုင်းစံတော်ချိန်) ထိုင်းနိုင်ငံ မယ်ပေါင်ဆောင်မြို့သို့ ရောက်ရှိခဲ့သည်။ ထို့အတူ အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီးစိုင်းငင်းမှလည်း ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဗဟိုဌာန (NRPC) မှ နိုင်ငံတော်သမ္မတထံသို့တင်ပြကာ နိုင်ငံတော်သမ္မတမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံသို့ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်တို့၏ခရီးစဉ်အားချောမွေ့စေရန် ကူညီဆောင်ရွက် ပေးရန်မှာကြားပေးသည့်အတွက် မိမိတို့အနေဖြင့်အထူးပင်ကျေးဇူးတင်ဝမ်းမြောက်မိရပါသည်။ ထို့အပြင် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်တို့အား လာရောက်စောင့်ကြိုရန် မိမိတို့၏ငြိမ်းချမ်းရေးဖော်ဆောင်ရေးကော်မတီ ဆက်ဆံရေးရုံးများညွှန်ကြားရေးမှူးချုပ် ဒု-ဗိုလ်မှူးကြီးစိုင်းဦး ဦးဆောင်ကာ ကြိုဆိုမည့်ကား (၄) စီး ဟိုမိန်းမြို့နယ်သို့ရောက်ရှိနေပြီး ဟိုမိန်းမြို့နယ်ရှိတာဝန်ခံ G-3 နှင့် စရဖ တို့မှလာရောက်တွေ့ဆုံကာ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်တို့၏ ခရီးစဉ်အားချောမွေ့စေရန် ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းဟု ကြားသိရပါသည်။ သို့သော် ည ၂၀:၀၀ နာရီအချိန်ခန့်တွင် ခိုလမ်မြို့၊ RCSS ဆက်ဆံရေးရုံးတာဝန်ခံ ဗိုလ်မှူးကြီးဒေဝိန်မှ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဗိုလ်ချုပ်သန်းလှိုင်မှ ဟိုမိန်းမြို့မှဖြတ်သန်းသွားရန် ခရီးစဉ်အားခွင့်မပြုနိုင်ကြောင်း အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ G-1 မှပြောကြားလာကြောင်းနှင့် ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်တို့အား လာရောက်စောင့်ကြိုနေသည့်ကားများလဲ သံလွင်မြစ်အားဖြတ်ကျော်၍ တောင်ကြီးသို့ပြန်ကြရန် အမိန့်ပေးလာကြောင်း ဟိုမိန်းမြို့ စရဖ မှတဆင့် မိမိတို့၏ ဆက်ဆံရေးရုံးများ ညွှန်ကြားရေးမှူးချုပ် ဒု-ဗိုလ်မှူးကြီးစိုင်းဦးထံ ဖုန်းဖြင့်ပြောကြားလာကြောင်း သိရှိရသည်။

၅။ ဤအကြောင်းအရာနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ဖြစ်စဉ်နှင့်တကွ မည်သို့ကြောင့်အပြောင်းအလဲမြန်ဆန်လွန်းလှသည်ကို နားလည်လို့မရနိုင်ပေ။ ထို့နောက်မိမိတို့ အတွင်းရေးမှူး (၂) ဗိုလ်မှူးကြီး စိုင်းငင်းမှတဆင့် ဦးဇော်ဌေး (PC) ထံသို့အကျိုးအကြောင်းမေးကြည့်ရာမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ တာချီလိတ်လမ်းခရီးမှလာစေရန် ပြောကြားကြောင်း ကြားသိရသဖြင့် ပိုမိုနားမလည်နိုင်အောင်ဖြစ်ရပါသည်။ မိမိတို့အနေဖြင့် နားမွန်းနယ်စပ်ဂိတ်အားဖြတ်သန်းပြီး ဟိုမိန်းမြို့မှတဆင့် ခရီးစဉ်သွားရန် ထိုင်းနိုင်ငံရှိအာဏာပိုင်များထံသို့ခွင့်တောင်းထားပြီးသကဲ့သို့ ထိုင်းနိုင်ငံ နယ်စပ်မြို့ မယ်ပေါင်ဆောင်သို့ ၂၀၁၉ ခုနှစ် အောက်တိုဘာလ (၂၄) ရက်နေ့ညနေတွင် ရောက်ရှိနေပြီးဖြစ်သည်။ မိမိတို့အနေနှင့် ထိုင်းနိုင်ငံ မယ်ဆိုင်မြို့မှတဆင့် တာချီလိတ်မြို့သို့သွားရမည်ဆိုလျှင် ထိုင်းနိုင်ငံ အာဏာပိုင်များအား ၃ ရက်မှ ၅ ရက်အထိ ကြိုတင်အကြောင်းကြား ခွင့်တောင်းရမည်ဖြစ်သောကြောင့် NCA လက်မှတ်ရေးထိုးခြင်း (၄) နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားတက်ရောက်ရန် အချိန်မီနိုင်မည် မဟုတ်ပါသောကြောင့် ထိုအခမ်းအနားအား မတက်ရောက်နိုင်ပါကြောင်း ဆုံးဖြတ်ခဲ့ကြပါသည်။

၆။ မိမိတို့ခရီးစဉ်အပေါ် အဘယ်ကြောင့် အပြောင်းအလဲမြန်ဆန်ရကြောင်းအား မိမိတို့အနေဖြင့် အချက် (၃) ချက်ဖြင့် အမြင်သုံးသပ်ချက်ကိုတွေ့ရပါသည်။

(၆.၁) တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်မှ ချက်ချင်းလက်ငင်းဖြင့် ခွင့်ပြုချက်ပိတ်ပင်လိုက်ခြင်းသည် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သန်းလှိုင်မှ သျှမ်းပြည်ပြန်

လည်ထူထောင်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်တို့အားဟိုမိန်းမြို့နယ်မှ ဖြတ်သန်းလာခွင့်မပြုခြင်းသည် လူထုများမှဝိုင်းဝန်းကြိုဆိုကာ စည်းရုံးရေးရယူမည့်အပေါ် စိုးရိမ်ကြောင်းကျခြင်း။

(၆.၂) နိုင်ငံတော်အစိုးရအဖွဲ့အကြီးအကဲများနှင့် တပ်မတော်အကြား အပြန်အလှန်နားလည်မှုမရှိသောကြောင့် နိုင်ငံတော်အစိုးရအဖွဲ့အပေါ် ယုံကြည်မှုပျက်ပြားစေရန်ဆောင်ရွက်ခြင်း။

(၆.၃) ငြိမ်းချမ်းရေးဖော်ဆောင်မှုနှင့် တစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး (NCA) အပေါ် မျက်ကွယ်ပြု ချိုးဖောက်ခြင်းဟု အမြင်သုံးသပ်ချက်များတွေ့ရှိနိုင်ပါသည်။

၇။ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်းပြည်တပ်မတော်သည် ၂၀၁၁ ခုနှစ် နိုဝင်ဘာလ ၁၉ ရက်မှ စတင်၍ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်အားပြည်နယ်အဆင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲတွင် စတင်လက်မှတ်ရေးထိုးခဲ့ပြီး ပြည်ထောင်စုအဆင့်ငြိမ်းချမ်းရေးဆွေးနွေးပွဲများတွင်သော်လည်းကောင်း ငြိမ်းချမ်းရေးဖော်ဆောင်ရေးအတွက် လက်မှတ်ရေးထိုးခဲ့ပြီးနောက် ၂၀၁၅ ခုနှစ် အောက်တိုဘာလ (၁၅) ရက်နေ့တွင် တစ်နိုင်ငံလုံးဆိုင်ရာပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ် (NCA) အားလက်မှတ်ရေးထိုးခဲ့ပါသည်။ မိမိတို့ အပစ်အခတ်ရပ်စဲရေးလက်မှတ်ရေးထိုးပြီးနောက်တွင်လည်း တပ်မတော်မှ အပစ်အခတ်ရပ်စဲရေး သဘောတူညီချက်များအတိုင်း လိုက်နာဆောင်ရွက်ခြင်းမရှိသကဲ့သို့ အကြောင်းအမျိုးမျိုးပြကာ မိမိတို့၏တပ်ဖွဲ့ဝင်များအား လိုက်လံတိုက်ခိုက်ခဲ့သဖြင့် မိမိတို့စတင်အပစ်အခတ်ရပ်စဲသည့်အချိန်မှစ၍ NCA လက်မှတ်ရေးထိုးသည်အထိ တိုက်ပွဲပေါင်း (၁၇၂) ကြိမ် (သတင်းဌာနဖော်ပြချက်များအရ အကြိမ်ပေါင်း ၂၀၀ ထက်မနည်း) ဖြစ်ပွားခဲ့ပြီး၊ NCA သဘောတူညီချက် လက်မှတ်ရေးထိုးခဲ့ပြီးနောက် ၂၀၁၉ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့အထိ တိုက်ပွဲအကြိမ်ပေါင်း (၅၂) ကြိမ် ဖြစ်ပွားခဲ့သည်။ အဆိုပါတိုက်ပွဲများမှာ တပ်မတော်မှ မိမိတို့၏တပ်ဖွဲ့များအား အကြောင်းအမျိုးမျိုးပြကာ လိုက်လံရှာဖွေ တိုက်ခိုက်ခဲ့သောကြောင့် ဖြစ်ရခြင်းပင်ဖြစ်သည်။

၈။ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ၊ သျှမ်းပြည်တပ်မတော်နှင့် တပ်မတော်ကြားဖြစ်ပွားခဲ့သည့် ပဋိပက္ခများတွင် မိမိတို့အနေဖြင့် အနာဂါတ်တိုင်းပြည်ငြိမ်းချမ်းရေးအားရှေးရှုကာ နိုင်ငံရေးပြဿနာများအား နိုင်ငံရေးနည်းလမ်းဖြင့်ဖြေရှင်းရေးမူဖြင့် ငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းများဆက်လက်အကောင်အထည်ဖော်ဆောင်နိုင်ရန် အဖန်ဖန်သဘောထားကြီးမားစွာထားရှိ၍ ငြိမ်းချမ်းသောနည်းလမ်းများဖြင့်ဆွေးနွေးဖြေရှင်းခဲ့ပါသည်။ သို့သော် တပ်မတော်မှ NCA သဘောတူညီချက်များတွင်ပါဝင်ခြင်းမရှိသည့် အကြောင်းအရာများဖြင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲများတစ်ဆို့စေခဲ့သည်။ ယနေ့ငြိမ်းချမ်းရေးဆွေးနွေးပွဲများတစ်ဆို့နေရသည့်အကြောင်းအရင်းမြစ်မှာလည်း တပ်မတော်မှ ငြိမ်းချမ်းရေးဖော်ဆောင်ရေး၊ ပြည်နယ်အဆင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်၊ ပြည်ထောင်စုအဆင့်ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူညီချက်စာချုပ်နှင့် NCA သဘောတူညီချက်များအပေါ် လေးစားလိုက်နာမှုမရှိကာ ချိုးဖောက်နေသောကြောင့်ပင်ဖြစ်သည်။ သာဓကအနေဖြင့် သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်မှ NCA လက်မှတ်ရေးထိုးခြင်း (၄) နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားနှင့် JICM အစည်းအဝေးတက်ရောက်မည့်ခရီးစဉ်သည် NCA သဘောတူညီချက်စာချုပ် အခန်း (၃) ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာကိစ္စရပ်များမှ တပ်ဖွဲ့ဝင်များ

လွတ်လပ်စွာသွားလာခွင့်၊ ပုဒ်မ ၈ တပ်မတော်နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ လွတ်လပ်စွာ သွားလာခွင့်နှင့် စပ်လျဉ်း၍ အောက်ပါအချက်များကိုသဘောတူညီချက် (က) လုံခြုံရေးအရ ကန့်သတ်ထားသောနေရာများမှအပ မည်သည့်နေရာကိုမဆို လက်နက်ကိုင်ဆောင်ခြင်းမရှိဘဲ လွတ်လပ်စွာ သွားလာခွင့်ရှိရန်နှင့် (ခ) တစ်ဖက် အဖွဲ့အစည်းက ထိန်းချုပ်ထားသောနယ်မြေအတွင်း လက်နက်ဖြင့် သွားလာရန် လိုအပ်လာပါက နှစ်ဖက်ညှိနှိုင်း သဘောတူညီချက်ဖြင့်သွားလာရန်ဟူ၍ သဘောတူညီချက်များ ရှိပြီးဖြစ်သည်။ အလားတူ ၂၀၁၂ ခုနှစ် မေလ ၁၉ ရက်နေ့ ကျိုင်းတုံမြို့တွင်ကျင်းပသည့် ဒုတိယအကြိမ် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးပွဲ သဘောတူညီချက်အမှတ် (၁၁) (RCSS/SSA) တပ်ဖွဲ့များ အခြားသော အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးရေးကိစ္စတွင် (RCSS/SSA) အနေဖြင့် နိုင်ငံရေးပါတီများနှင့်ဖြစ်စေ၊ မည်သည့်အဖွဲ့အစည်းများနှင့်ဖြစ်စေ၊ ဒေသခံပြည်သူလူထုများနှင့်ဖြစ်စေ လွတ်လပ်စွာတွေ့ဆုံဆွေးနွေးနိုင်ရန် သဘောတူညီသည် ဟူသည့်သဘောတူညီချက်များရရှိထားသော်လည်း (RCSS) အနေဖြင့်နိုင်ငံရေး ဆွေးနွေးပွဲများတွင် ပြည်သူလူထုများ၏ဆန္ဒပါဝင်နိုင်ရေးအတွက် ပြည်သူလူထုများအား သွားရောက်တွေ့ဆုံ ဆွေးနွေးရာတွင်လည်း တပ်မတော်မှနည်းမျိုးစုံဖြင့် တားဆီးပိတ်ပင်နှောက်ယှက်ခဲ့သည်။ နောက်ဆုံး အဆိုးရွားဆုံးအခြေအနေမှာ လာမည့် NCA လက်မှတ်ရေးထိုးခြင်း (၄) နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနား ကျင်းပရေးအတွက် နေပြည်တော်၌ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲ၌ တွေ့ဆုံဆွေးနွေးပွဲ၏ ပြင်ပတွင် တွေ့ဆုံဆွေးနွေးကြစဉ် ဒုတိယ ဗိုလ်ချုပ်ကြီး ရာပြည့်မှ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့ဝင်များမှ နှုတ်ထွက်သွားလိုက နှုတ်ထွက်သွားနိုင်ကြောင်းဟု NCA-S-EAOs ၏ ညှိနှိုင်းရေးအဖွဲ့ဝင်များ အချို့အား ပြောကြားခဲ့ကြောင်းသိရှိရသည်။ ဤကဲ့သို့ ပြုမူပြောဆိုမှုမှာ ပြည်ထောင်စုငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် NCA သဘောတူညီချက်စာချုပ်အပေါ် တန်ဖိုးမထားရှိခြင်းဟု ရှုမြင်သုံးသပ်မိသည်။

၉။ NCA လက်မှတ်ရေးထိုးပွဲဖြစ်ပေါ်လာရသည်မှာ လွယ်ကူခြင်းမဟုတ်ပေ။ NCA သဘောတူညီချက်စာချုပ် မပျက်ပြယ်ရေးအတွက် မိမိတို့ PPST အဖွဲ့ဝင် NCA-S-EAOs အဖွဲ့များသည်လည်း သဘောထားကြီးမားစွာ ကြိုးစားညှိနှိုင်းဖြေရှင်းခဲ့သည့်အတွက် ယနေ့ဆိုလျှင် NCA သဘောတူညီချက်စာချုပ်လက်မှတ်ရေးထိုးပွဲ (၄) နှစ်ပြည့်ခဲ့လေပြီဖြစ်ပြီး မိမိတို့ RCSS ဥက္ကဋ္ဌသည်လည်း လက်ရှိတွင် PPST ၏ယာယီအဖွဲ့ခေါင်းဆောင်အဖြစ် တာဝန်ယူထားပါသဖြင့် NCA လက်မှတ်ရေးထိုးခြင်း (၄) နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ပါဝင်တက် ရောက်ချီးမြှင့်နိုင်ရန်ကြိုးပမ်းခဲ့ပါသည်။ အလားတူ ခရီးစဉ်အတွင်း၌ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ်၊ နိုင်ငံတော် သမ္မတကြီးနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တို့နှင့်တွေ့ဆုံပြီး မြန်မာပြည်အခြေစိုက်နိုင်ငံခြားသံတမန်များ နှင့်တွေ့ဆုံနိုင်ရေးအတွက် ကောင်းမွန်စွာအစီအစဉ်ချမှတ်ခဲ့ပြီးဖြစ်ပါသည်။ သို့သော်တပ်မတော်ဖက်မှ လက်တွဲကူညီမှုမရရှိသည့်အပြင် ခရီးစဉ်အားတားဆီးပိတ်ပင်ခဲ့သည့်အပေါ် အင်မတန်မှစိတ်မကောင်း ဖြစ်မိပါသည်။ မိမိတို့ RCSS ဥက္ကဋ္ဌ၏ခရီးစဉ်အား ကြိုတင်ထုတ်ပြန်ကြေညာချက်ထုတ်ကာ ပြည်သူလူထုများ အားလည်း စကားပါးထားပြီးဖြစ်ပါသည်။ သို့သော်မိမိတို့ ထုတ်ပြန်ကြေညာထားသည့်အတိုင်း NCA လက်မှတ်ရေးထိုးခြင်း (၄) နှစ်ပြည့် အထိမ်းအမှတ်အခမ်းအနားသို့ မတက်ရောက်နိုင်သည့်အပေါ် ပြည်သူလူထုများနှင့်တကွ နိုင်ငံခြားသံတမန်များအားလည်း အနူးအညွတ်တောင်းပန်အပ်ပါသည်။

၁၀။ မိမိတို့ သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်ကြီးယွက်စစ်၏ ခရီးစဉ်အတွက် ကြိုးပမ်းကူညီဆောင်ရွက်ပေးပါသော NRPC ဥက္ကဋ္ဌ နိုင်ငံတော်အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၊ ဦးဇော်ဌေး (PC) တို့အား အထူးကျေးဇူးတင်ရှိပါကြောင်းနှင့် NCA လက်မှတ်ရေးထိုးခြင်း (၄) နှစ်ပြည့် အထိမ်းအမှတ် အခမ်းအနားသို့ မတက်ရောက်နိုင်ရခြင်းမှာ တပ်မတော်မှ လက်တွဲကူညီမှုမရှိသည့်အပြင် ခရီးစဉ်အား ပိတ်ပင်တားဆီးခဲ့သည့်အပေါ် များစွာစိတ်မကောင်းဖြစ်ရပါသည်။

ဗဟိုအလုပ်အမှုဆောင်ကော်မတီ

သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ

ဆက်သွယ်ရန်

၁။ဒုတိယ ဗိုလ်မှူးကြီး စိုင်းမိန်း (+၆၆ ၉၁၀ ၆၇၉ ၈၁၁)

၂။ဒုတိယ ဗိုလ်မှူးကြီး စိုင်းဦး (+၉၅ ၉၄၉ ၅၉၀ ၇၁၆)